# ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၃)ရက်မြောက်နေ့ အစီအစဉ်

## (၂၅-၃-၂၀၂၀ ) (ဗုဒ္ဓဟူးနေ့)  နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဇုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **ချီဖွေမြို့နယ်၊ နယ်စပ်ကန်းဖန့်ကျေးရွာ အုပ်စု၊ မိုရှီးဒီးငွေ့ချန်း ချောင်းကူးတံတား ပေ(၁၆၀)ခန့်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် သံပေါင်ဘေလီတံတားအဖြစ် တိုးမြှင့်တည်ဆောက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးအာမိုးဆီ၊ ခေါင်လန်ဖူး မဲဆန္ဒနယ်၏ **ခေါင်လန်ဖူးမြို့နယ်တွင် ပြည်သူများ အားကိုးအားထားပြု သွားလာနေသည့် လော်ဝူးချီလာ အဝင်တံတားနှင့် အထွက်တံတားအား ၂၀၁၉-၂၀၂၀ တွင် ဘေလီသံပေါင် သို့မဟုတ် ကွန်ကရစ် တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးသန့်ဇင်ထွန်း၊ ဒက္ခိဏသီရိ မဲဆန္ဒနယ်၏ **2KR-2012 စီမံကိန်းသည် တည်ဆဲဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် ညီညွတ်မှု ရှိ၊ မရှိ၊ စုဆောင်းရရှိငွေများအား စီးပွားရေးနှင့် လူမှုရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုကောင်းမွန်မျှတသော စီမံခန့်ခွဲအုပ်ချုပ်မှု ဖြစ်စေရေး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** တို့နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးကျော်မင်း၊ လက်ပံတန်း မဲဆန္ဒနယ်၏ **လက်ပံတန်းမြို့နယ်၊ ဆည်မြောင်း ဦးစီးဌာနမှ ဆောင်ရွက်ခဲ့သော စီမံကိန်းများကြောင့် တောင်သူများ၏ လယ်မြေများ နစ်နာဆုံးရှုံးမှုအတွက် လျော်ကြေးငွေပေးအပ်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၊ ဘီးလင်း မဲဆန္ဒနယ်၏ **၁၉၇၀ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမအသင်းဥပဒေအရ ဖွဲ့စည်းခဲ့သော သမဝါယမ အသင်းများ ပိုင်ဆိုင်သည့်မြေနှင့် အခြားပိုင်ဆိုင်မှုများကို ၁၉၉၂ ခုနှစ် သမဝါယမအသင်း ဥပဒေအရ ဖွဲ့စည်းခဲ့သော သမဝါယမအသင်း တချို့က စီမံခန့်ခွဲကာ အကျိုးအမြတ် ခံစားနေမှုများကို ပြည်ထောင်စုစာရင်းစစ်ချုပ်က ပြန်လည်စစ်ဆေးပြီး ၁၉၇၀ ခုနှစ် သမဝါယမအသင်းများ၏ ပိုင်ဆိုင်မှု များကို မူလပိုင်ဆိုင်သူများအတွက် ပြန်လည်အသုံးပြုနိုင်ရေး ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးမြင့်ဦး၊ သနပ်ပင် မဲဆန္ဒနယ်၏ **ပဲခူးခရိုင်အတွင်းရှိ ပဲခူး၊ ဝေါ၊ သနပ်ပင် နှင့် ကဝမြို့နယ်များ နွေစပါးစိုက်ပျိုးရေးနှင့် ရန်ကုန်တိုင်းဒေသကြီး၊ မိုင် (၃၀) စိမ်းလန်းစိုပြည်ရေးစီမံကိန်းအတွက် ရေကိုအချိန်အခါမီ လုံလောက်စွာ သိုလှောင်ထိန်းသိမ်း ဖြန့်ဝေပေးနိုင်ရန်အတွက် စစ်ပင်ဆိပ်ချောင်းတွင် ရေတံခါး တစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးခွန်သန်းထူး ၊ ဆီဆိုင် မဲဆန္ဒနယ်၏ **ဆီဆိုင်မြို့နယ်၊ အနောက်မြောက်ခြမ်း တောင်ကြီးမြို့နယ်နှင့် ဆက်စပ်ဒေသဖြစ်သော ဆိုက်ခေါင်-နောင်ဆံဗတ်- နောင်ကဖား- ပိုးလောင်း- နောင်လုံ(မြောက်) ကျေးလက်လမ်းအား မြေသားလမ်း သဲပြုန်းခင်းခြင်း သို့မဟုတ် ကျောက်ချောလမ်းအဖြစ် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အဆင့်မြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဇ) ဒေါ်ခင်စောဝေ၊ ရသေ့တောင် မဲဆန္ဒနယ်၏ **ပုဏ္ဏားကျွန်း-ရသေ့တောင် လမ်းပိုင်းတွင် ကွန်ကရစ်လမ်းခင်းရန် ကျန်ရှိနေသေးသည့် (၁၅ မိုင် ၆ ဖာလုံ) ကို ၂၀၁၉-၂၀၂၀ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးခင်မောင်မြင့် ၊ ရပ်စောက် မဲဆန္ဒနယ်၏ **ရပ်စောက်မြို့နယ်၊ ပါမဲကျေးရွာ အုပ်စု၊ ထင်းကွင်း- လယ်မီး- နန့်ဟူးကျေးရွာချင်းဆက်လမ်းပေါ်ရှိ ဇော်ဂျီချောင်းကူး သစ်သားတံတား (၁၇၅×၁၄×၂၂) ပေအား သံကူကွန်ကရစ် တံတားအဖြစ် အဆင့်မြှင့်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ည) ဦးနေထက်ဝင်း၊ ဆင်ပေါင်ဝဲ မဲဆန္ဒနယ်၏ **ဆင်ပေါင်ဝဲမြို့နယ်အတွင်းရှိ အင်ရုံ- နားပွဲ- မောင်းတုန်းလမ်းမှ ကျန်ရှိနေသော လမ်းမိုင် (၆) မိုင်ခန့်အား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ တရားစီရင်ရေးနှင့် ဥပဒေရေးရာကော်မတီက တင်သွင်းသည့် **“နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **“ အခွန်အယူခံ ခုံအဖွဲ့ နည်းဥပဒေများ”** နှင့်စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော **“တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ”** နှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း၊

၉။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဒေါ်အေးမြမြမျိုး၊ ကျောက်တန်း မဲဆန္ဒနယ်၊

(ခ) ဗိုလ်မှူးဝင်းမင်းထွန်း၊ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊

၁၀။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို သဘောတူလက်ခံရန် အဆို တင်သွင်းခြင်းနှင့် လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း၊

၁၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားခြင်း၊

၁၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၅) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း။